International Commission of Jurists

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် ၊ ၁၈ရက် ဒီဇင်ဘာလ ၂၀၁၇ခုနှစ်

## မြန်မာနိုင်ငံ ၊ ရိုက်တာမှ သတင်းထောက်များ၏ ထိန်းသိမ်းချုပ်နှောင်ခြင်းဆိုင်ရာ အခွင့်အရေးကို လေးစား၍ ပြင်ပနှင့်ဆက်သွယ်ခွင့်မပြုဘဲထိန်းသိမ်းချုပ်နှောင်ခြင်းကို အဆုံးသတ်ခြင်း

မြန်မာ့အာဏာပိုင်များအနေဖြင့်တစ်ပတ်နီးပါးပြင်ပနှင့်ဆက်သွယ်ခွင့်မရဘဲ ထိန်းသိမ်းခြင်းခံရသော သတင်းထောက်၂ဦးအားမည်သည့်နေရာတွင်ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း ချက်ခြင်းဖွင့်ဟရန်၊ ရှေ့နေများနှင့် မိသားစုများကို ချက်ခြင်းလက်လှမ်းမီစေ ရန်အလို့ငှာအာမခံနိုင်ပါရန် ICJမှ ယနေ့ ပြောသည်။

၁၂ ရက် ဒီဇင်ဘာလတွင် ရိုက်တာ သတင်းထောက်ဖြစ်သူ ဝလုံးနှင့် ကျော်စိုးဦးအားရဲများမှ ဖမ်းဆီးခဲ့စဥ်ကတည်းက မည်သည့်သတင်းမျှ မကြားရှိခဲ့ရပေ။

"မျှတသောတရားခွင်ဆိုင်ရာအခွင့်အရေးကိုချိုးဖောက်ခြင်းသည် မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေး ကို မေးမှိန်စေပါတယ်။ ထိန်းသိမ်းခြင်းခံရသောသူများအားလုံးသည် ရှေ့နေ၊ မိသားစုဝင်များနှင့် ချက်ခြင်းလက်လှမ်းမီစေနိုင်ရန်အတွက် ခွင့်ပြုရမှာဖြစ်ပါတယ်" ဟု ဖရက် ရော်စကီ၊ ICJ အာရှ ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ မှ ပြောကြားခဲ့ပါသည်။ "အာဏာပိုင်များသည် အဆိုပါ အခွင့် အရေးများကို မြန်မာ့ဥပဒေနှင့် နိုင်ငံတော်မှ လိုက်နာရန်ဝတ္တရားရှိသည့် နိုင်ငံတကာဥပဒေများ ကို တစ်ပြေးညီ လေးစားရန် စည်းနှောင်မှုရှိပါသည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပါ အပိုဒ်၁၁ အပါအဝင်၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် စံနှုန်းများတွင် ရှေ့နေများအကြံပေးပိုင်ခွင့်ကို ပြဌာန်းထားသည်မှာ တရားဥပဒေစိုးမိုးရေး မှုသဘောတရား၏အခြေခံအုတ်မြစ်ဖြစ်ပါသည်။ "အစိုးရအနေဖြင့် လူများအားလုံး မည်သည့်အမှုတွင်မဆို ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၏ ၄၈နာရီထက်နောက်မကျဘဲ ရာဇဝတ်မှုဖြစ်စေ သို့တည်းမဟုတ် ရာဇဝတ်မှုမမြောက်သည့်အမှုဖြစ်စေ ဖမ်းဆီးခြင်းသို့မဟုတ် ထိန်းသိမ်းခြင်းခံရပါက ရှေ့နေကို ချက်ခြင်း လက်လှမ်းမီစေရမည်ကို သေချာစေရမည်။" ကို UN အခြေခံမူရှိ ရှေ့နေများ၏ အခန်းကဏ္ဍတွင် အလေးထားဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉နှင့် ပုဒ်မ ၃၇၅တွင် ဥပဒေနှင့်ခုခံချေပပိုင်ခွင့်ကို အာမခံထားသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ (ပုဒ်မ ၃၄၀)၊ တရားရုံးများလက်စွဲ (ပုဒ်မ ၄၅၅ (၁))၊ ရဲလက်စွဲ (ပုဒ်မ ၁၁၉၈ (ဂ))နှင့် အကျဉ်းထောင်အက်ဥပဒေ (ပုဒ်မ ၄၀)တွင် အလားတူဖော်ပြ အာမခံထားပါသည်။

တရားသူကြီး၏အမိန့်မပါဘဲ မည်သူကိုမျှ ၂၄နာရီထက်ပိုမို ချုပ်နှောင်ခြင်းမပြုနိုင်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (ဂ)နှင့် ပုဒ်မ ၃၇၆တွင် ဖော်ပြ ပြဌာန်းထားသည်။ ဥပဒေအရ ခုခံချေပပိုင်ခွင့်ဟုဆိုရာတွင် အဆိုပါ ၂၄နာရီအတွင်း ဥပဒေအကြံပေးပိုင်ခွင့်ကိုလက်လှမ်း မီခြင်း သည် လည်း အကျုံးဝင်ပါသည်။ တရားရုံးများလက်စွဲ ပုဒ်မ ၄၀၃အရ ချုပ်နှောင်ခြင်းခံရသူကို တရားသူကြီးရှေ့မှောက်တွင်သာလျှင် ချုပ်မိန့်ရမာန်ကို ပြုလုပ်နိုင်သည်။ သို့သော် အဆိုပါ သတင်းထောက် ၂ဦးမှာ တရားရုံးရှေ့မှောက်သို့ ရောက်ရှိခြင်းရှိ၊ မရှိကိုမူ မသိရှိရသေးပါ။

ရှောင်ဘိန်း၊ ICJ၏ ဥပဒေအကြံပေးမှ သတင်းထောက်များသည် ဥပဒေနှင့်အညီ ချုပ်နှောင်ခြင်း ခံရခြင်း ရှိ၊မရှိကို ဥပဒေပညာရှင်အနေဖြင့် ဆန်းစစ်သင့်ပါတယ် ဟု ပြောပါသည်။ "သူတို့တွေရဲ့ အခြေအနေဟာ တရားလက်လွတ် ချုပ်နှောင်ခြင်းသကဲ့သို့ ပေါ်လွင်နေပါတယ်။ အကယ်၍ အမှန်စင်စစ် ဥပဒေနှင့်မညီဘဲ ထိန်းသိမ်းခြင်းဖြစ်ပါက တရားစီရင်ရေးအနေဖြင့် တရားဥပဒေနှင့် အညီ ထိန်းသိမ်းချုပ်နှောင်ခြင်းကို ချက်ခြင်း စစ်ဆေးသင့်ပြီး ၎င်းတို့ကို လွှတ်ပေးသင့်ကြောင်း တောင်းဆိုသင့်ပါတယ်။"

စွမ်းဆောင်ရည်ရှိသော တရားသူကြီးများအနေဖြင့် ချုပ်နှောင်ထိန်းသိမ်းခံရသူများသည် ဥပဒေနှင့် မညီ ထိန်းသိမ်းခြင်းခံရခြင်းဖြစ်သည်ဟု ကြောင်းကျိုးသင့်စွာ ယုံကြည်ပါက ချုပ်နှောင်ထိန်းသိမ်းခံရ သူကို မဖြစ်မနေရှာဖွေရန် လုပ်ပိုင်ခွင့်အာဏာနှင်းအပ်ထားကြောင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ ရှေ့နေများနှင့် မိသားစုဝင်များသည် တရားရုံးတော်သို့ ဥပဒေနှင့် ထိန်းသိမ်းချုပ်နှောင်ထားခြင်း ရှိ၊ မရှိကို စစ်ဆေးပေးရန် တရားလွှတ်တော် နှင့်/သို့တည်းမဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ရှေ့တော်သွင်းစာချွန်တော် တင်သွင်းလျှောက်ထားခြင်း အားဖြင့် တောင်းဆိုနိုင်သည်။

"မြန်မာနိုင်ငံရှိ တရားသူကြီးများနှင့် ရှေ့နေများသည် ၎င်းတို့၏ အမှီအခိုကင်း လွတ်လပ်မှု အာဏာပိုင်အရာရှိများ၏ ဥပဒေနှင့်မညီသော ပြုလုပ်မှုများကို စိန်ခေါ်ခြင်းအားဖြင့် အခိုင်အမာ ပြသ ရန် အခွင့်အရေးတစ်ရပ်ရှိပါတယ်။ မျှတသော တရားစီရင်ရေးဆိုင်ရာ အခွင့်အရေးကို ပြောင်ကျကျ ချိုးဖောက်ခြင်းကို လုံးဝ ခွင့်မပြုသင့်ပါဘူး" ဟု ဘိန်းမှ ပြောခဲ့ပါသည်။

နိုင်ငံပိုင်မီဒီယာမှ သတင်းထောက်များသည် ၎င်းတို့၏ ရခိုင်ပြည်နယ်ရှိ လုံခြုံရေးတပ်များ၏ လုပ်ဆောင်မှုများကို စုံစမ်းထားသည့် ကိစ္စရပ်နှင့် စပ်လျဥ်း၍ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက် အက်ဥပဒေနှင့် စွဲဆိုခြင်းဖြစ်ကြောင်း သတင်းရေးသားထားသည်။ တပ်မတော် စစ်ဆင်ရေး၏လုပ်ဆောင်ချက်ရလဒ်အနေဖြင့် ဩဂုတ်လတွင် ရဲများသည် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်၏ တိုက်ခိုက်ခြင်းကို ခံစားရကာ ရိုဟင်ဂျာ မူစလင်အများစုပါဝင်သောလူပေါင်း ၆၅၀,၀၀၀ ကျော်ခန့် သည် ဘင်္ဂလားဒင့်ရှ် နိုင်ငံသို့ ထွက်ပေးခဲ့ရသည်။ ရိုက်တာမှ မြန်မာ - ဘင်္ဂလားဒင့်ရှ် နယ်စပ် နှစ်ဖက်နိုင်ငံ၏သတင်းကို ရေးသားခဲ့ပါသည်။

သတင်းထောက်များမှ "လျှို့ဝှက်သတင်းအချက်အလက်များကိုရရှိခြင်း၊ လက်ဝယ်ရှိခြင်း သို့မဟုတ် အများပြည်သူထံသို့ဖွင့်ပြခြင်းအတွက်သော်လည်းကောင်း၊ သို့တည်းမဟုတ် ၎င်းတို့မှ လျှို့ဝှက် သတင်းအချက်အလက်များကို ရှာဖွေခြင်းသို့မဟုတ် ရယူခြင်းအပေါ်အခြေပြုလျက် လျှို့ဝှက်ပူး ပေါင်းကြံစည်မှု သို့မဟုတ် အခြားသောရာဇဝတ်မှုများအတွက်သော်လည်းကောင်း တရားစွဲဆိုမှု မခံရသင့်ကြောင်း" အမျိုးသားလုံခြုံရေးဆိုင်ရာအခြေအနေ၌ လွတ်လပ်စွာ ထုတ်ဖော်မှုရှုထောင့် တစ်ရပ်အနေဖြင့် သတင်းအချက်အလက်များရရှိမှုဝေဖလှယ်ပိုင်ခွင့်ကို ပံ့ပိုးကူညီပေးသည့် အမျိုး သားလုံခြုံရေးနှင့် သတင်းအချက်အလက်ရရှိပိုင်ခွင့်ဆိုင်ရာ Tshwane အခြေခံမူများမှ အတည်ပြု ပါသည်။

"အဆိုပါ သတင်းထောက်များကို ပြုမူဆက်ဆံမှုသည် လွတ်လပ်စွာထုတ်ဖော်ခြင်းကို ခြိမ်းခြောက် နေပါတယ်။ ၎င်းတို့ရင်ဆိုင်ရသည့် ပြင်းထန်သောဒဏ်ခတ်မှုသည် ယင်းတို့ ၏အလုပ်ကိုလုပ်နေ သည့်အတွက် အလားတူကဲ့သို့သော အကျိုးဆက်ကိုခံစားနိုင်တယ်ဆိုသည့် အခြားသော သတင်း ထောက်များသို့ ရှင်းလင်းသောသတင်းပေးပို့ခြင်းကဲ့သို့ဖြစ်ပါတယ်" ဟု ရော်စကီက ပြောခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကိုလိုနီခေတ်ဥပဒေများဖြင့် ၂၀၁၇ခုနှစ်တွင် စီရင်ပိုင်ခွင့် အနည်းဆုံး ၃ခုဖြင့် သတင်းထောက်များကို ရာဇဝတ်ကြောင်းအရ အရေးယူနိုင်သည်။ အဆိုပါဥပဒေများရှိ ရာဇဝတ်မှု များသည် ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြင်းထန်သော ပြစ်ဒဏ်များဖြင့် အာဏာပိုင်များမှ ပွင့်လင်းစွာ အလွဲသုံးစားခွင့်ပြုထားသည်။ ၂၀၁၄ခုနှစ်တွင် သတင်းထောက်သည် မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေအရ ထောင်ဒဏ် ၁၀နှစ်ကျခံရပြီး နောက်ပိုင်းတွင်မှ နိုင်ငံတော် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ အဆိုပါ ဥပဒေကို ပြင်ဆင်ရန် အဆိုပြုသော်လည်း ထိုကာလရှိ လွှတ်တော်မှ ထိုအဆိုကို ပယ်ချခဲ့ပါသည်။

"ဟောင်းလွန်းပြီး မတရားသည့် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေကဲ့သို့သော ဥပဒေ များကို အဆုံးသတ်ရမယ်။" ဟု ရော်စကီက ဖြည့်စွက်ခဲ့ပါသည်။ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှမ်းမိုးသည့် ဥပဒေပြုရေးအာဏာအတွင်း အဆိုပါဥပဒေများကိုပြန်လည် သုံးသပ်ပြီး မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေများတွင်ပါရှိသည့် အခွင့်အရေးများကို ချိန်ထိုးသင့် ပါတယ်။"

**ဆက်သွယ်ရန်** Sean Bain, ICJ International Legal Adviser, e: sean.bain@icj.org